## မှားပုံများဗျာ

ဆေးရုံတစ်ရုံမှာ ဆရာဝန်တွေဟာ မိမိတို့ရဲ့ တစ်နေ့တာ ဂျူတီချိန်ပြီးဆုံးချိန်မှာ တစ်နေ့တာ လုပ်ဆောင်ခဲ့တာတွေကို ဆေးရုံအုပ် ဆရာဝန်ကြီးဆီ သတင်းပို့ရပါတယ်။ မှန်ရင် ချီးကျူးပြီး၊ မှားရင် အမှားပြင်ပေးတတ်ပါတယ်။ တစ်နေ့တော့ ဆရာဝန်လေး တစ်ယောက်က ဂျူတီချိန်ပြီးလို့ ဆေးရုံအုပ်ကို သတင်းပို့ရာမှာ
**ဆရာဝန်** = ဆရာကြီးခင်ဗျာ၊ ဒီနေ့ ကျွန်တော်အမှား နည်းနည်းပါးပါး လုပ်မိပါတယ်။
*ဆေးရုံအုပ်* = မှားတဲ့အခါလည်း မှားမှာပေါ့၊ ဘာတွေ လုပ်မိလို့လဲကွာ
**ဆရာဝန်** =ကျောက်ကပ်ထုပ်ရမယ့် လူနာကို အသည်းထုတ်မိသွားလို့ပါ ဆရာ။
*ဆေးရုံအုပ်* = ရတယ်လေ၊ ဒီလောက်တော့ မှားမှာပေါ့။
**ဆရာဝန်** = ဆက်ပြောပါရစေ ဆရာကြီး၊ လူနာနဲ့ လူနာစောင့် မှားပြီး လူနာစောင့်ရဲ့ အသည်းကို ထုတ်မိသွားပါတယ်။
*ဆေးရုံအုပ်* = ဒါလည်း ဖြစ်တတ်ပါတယ်၊ အမှားက ဒါပဲလား။
**ဆရာဝန်** = ရှိပါသေးတယ်၊ လူနာက ဆရာကြီး ခယ်မဖြစ်ပြီး၊ လူနာစောင့်က ဆရာကြီးရဲ့ မိန်းမပါ။
*ဆေးရုံအုပ်* = မှားပုံများဗျာ... ။

## စာပြင်ဆရာ

ကွန်ပျူတာစာစီသမား တစ်ယောက်ဟာ ဂျာနယ် ဖောင်ပိတ်ရက်မှာ ဝိုင်းဖွဲ့ သောက်စားရင်းက အရက်မူးလွန်ပြီး သချိုင်းတစ်ခုထဲက အုတ်ဂူတစ်ခုပေါ်ကို ရောက်သွားပါတယ်။ အမူးပြေသွားမှ ဂူပေါ်ရောက်နေတာသိပြီး ကြက်သီးမွေးညင်း ထလာပါတယ်။ သူက တစ္ဆေ အလွန်ကြောက် တတ်တာကိုး။
သူ့ဘေးက ဂူကိုကြည့်လိုက်တော့ လူတစ်ယောက်က စူးတွေ ဆောက်တွေနဲ့ ဂူကိုထွင်းနေတာ တွေ့ရတယ်။ ဒါနဲ့
**ကွန်ပျူတာသမား** = ဟာ .. လန့်သွားတာပဲဗျာ၊ သရဲမှတ်လို့၊ ဒါနဲ့ ခင်ဗျားက ဘာလုပ်နေတာလဲ
ဒီမှာဗျာ စာလုံးပေါင်းမှားနေလို့ ပြင်ရေးမလို့ လုပ်နေတာပါ
**ကွန်ပျူတာသမား** = ခင်ဗျားက မှောင်ကြီးမည်းမည်းထဲမှာ စာလုံးပေါင်းမှာတာ ဘယ်လိုလုပ်သိသလဲ လို့ ပြန်မေးလိုက်တယ်။
ဒါက ကျွန်တော့်အုတ်ဂူလေ၊ ကျွန်တော့်နာမည် ဘယ်လိုစာလုံးပေါင်းလဲ သိတာပေါ့ဗျာ၊ ကျွန်တော်မသေခင်တုန်းက စာပြင်ဆရာ လုပ်ခဲ့တာပါ။
လို့လည်း ကြားလိုက်ရော ကွန်ပျူတာ စာစီသမားဟာ အမူးပြေပြီး တင်ပါးနဲ့ဖဝါး တစ်သားတည်းကျအောင် ပြေးပါလေရောဗျာ။